# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၂၆ ရက်မြောက်နေ့ အစီအစဉ်

# [ ၃၀–၁၀–၂၀၁၄ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးတင်မောင်၊ ချမ်းမြသာစည် မဲဆန္ဒနယ်၏ **၂၀၁၅ ခုနှစ် နောက်ပိုင်း တက္ကသိုလ်ဝင်ခွင့် စာမေးပွဲများကို တက္ကသိုလ်အလိုက် စစ်ဆေးခဲ့လျှင် ဒသမတန်း ရမှတ်အား ထည့်သွင်းစဉ်းစားခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဒေါ်ဇာတလဲမ်း၊ ထန်တလန် မဲဆန္ဒနယ်၏ **ပညာရေးချို့တဲ့၍ အလုပ်အကိုင် မရရှိသော လူငယ်များအတွက် အထူးအစီအစဉ်ဖြင့် မည်သည့် စီမံကိန်းများ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **“၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ တပ်မတော်သားကိုယ်စားလှယ်၊ ဗိုလ်မှူးချုပ်တင့်ဆန်း၏ ၃၀-၉-၂၀၁၄ ရက်နေ့တွင် မေးမြန်းခဲ့သည့် **နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေမည့် အနာဂတ် အစီအမံများ မည်သို့ချမှတ် ထားသည်နှင့် အစီအမံများကို အကောင် အထည်ဖော်ရာတွင် စိန်ခေါ်မှုများ ကြုံတွေ့လာပါက မည်သည့် နည်းလမ်းဖြင့် ဆောင်ရွက်မည်ကို သိလိုခြင်း** မေးခွန်း နှင့်စပ်လျဉ်း၍ လွှတ်တော်အခွင့်အရေးကော်မတီက ရှင်းလင်းတင်ပြခြင်း၊

၉။ တပ်မတော်သားကိုယ်စားလှယ်များက ၂၂-၁၀-၂၀၁၄ ရက်နေ့တွင် တင်ပြခဲ့သည့် **နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြုရေး မဏ္ဍိုင်အနေဖြင့် ဆောင်ရွက်ရန် လိုအပ်သည့်အချက်များနှင့်စပ်လျဉ်း၍ အကြံပြုသုံးသပ်ချက်** တွင် ဥပဒေကြမ်းကော်မတီနှင့် သက်ဆိုင်သော အချက်များအား ကော်မတီက ရှင်းလင်းတင်ပြခြင်း၊

၁၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးခြင်း–

(က) ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၊

(ခ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၊

(ဂ) ဦးလှထွန်း၊ ခရမ်း မဲဆန္ဒနယ်၊

(ဃ) ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်၊ တပ်မတော်သားကိုယ်စားလှယ်၊

(င) ဦးစိုးအောင်၊ သဲကုန်း မဲဆန္ဒနယ်၊

(စ) ဦးရှိန်ကျော်ဝင်း၊ ဆိပ်ဖြူ မဲဆန္ဒနယ်၊

(ဆ) ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဇ) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၊

(ဈ) ဦးအောင်မြင့်၊ ဂန့်ဂေါ မဲဆန္ဒနယ်၊

(ည) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၊

(ဋ) ဦးအောင်ကျော်စိုး၊ နတ်မောက် မဲဆန္ဒနယ်၊

(ဌ) ဦးပိုက်ကို၊ ပခုက္ကူ မဲဆန္ဒနယ်၊

(ဍ) ဦးစိန်မြင့်၊ ဗိုလ်တထောင် မဲဆန္ဒနယ်၊

(ဎ) ဦးမန်းကျော်နီ၊ မြောင်းမြ မဲဆန္ဒနယ်၊

(ဏ) ဦးထန်းလိန်း၊ မင်းတပ် မဲဆန္ဒနယ်၊

(တ) ဦးထွန်းအောင်ခိုင်၊ ပေါက်တော မဲဆန္ဒနယ်၊

(ထ) ဦးရဲထွန်း၊ သီပေါ မဲဆန္ဒနယ်၊

(ဒ) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၊

(ဓ) ဦးစိုင်းသန်းနိုင်၊ ဖာပွန် မဲဆန္ဒနယ်၊

(န) ဦးဝင်းသန်း၊ သာပေါင်း မဲဆန္ဒနယ်၊

၁၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၇ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။